# မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်

တာဝန်သိမှု နှင့် အခွင့်အရေး

အမှတ်(၃၀၄)၊
ကုန်းဘောင်လမ်း၊
(၁၅) ရပ်ကွက်၊
အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၄၅၀ ၃၀၂ ၀၆၉


စာအမှတ်။ ။ CTUM/ အဖခ၊ ရအဖ/ ၂၀၁၉ (၀၀၄)။

ရက်စွဲ။ ။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်။

သို့

ဦးသန်းဆွေ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

အကြောင်းအရာ။ ။ **အလုပ်သမားအဖွဲ့အစည်းဥပဒေတွင် ပြင်ဆင်ဖြည့်စွက် ထုတ်နုတ်ရန် လိုအပ်သည့် အချက်များကို အကြံပြုတင်ပြခြင်း။**

လေးစားရပါသော ပြည်ထောင်စုဝန်ကြီးခင်ဗျား

အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်နည်းဥပဒေတို့တွင် ပြင်ဆင်ဖြည့်စွက်ထုတ်ပယ်လိုသည့် အချက်များကို အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော် မူကြမ်းပေါ်တွင် အကြံပြုတင်ပြချက်များ၊ ဖြည့်စွက်လိုသည်များ**

**အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်**

ပုဒ် (၂ - က) တွင် " အလုပ်သမားဆိုသည်မှာ လစားအလုပ်သမား၊ နေ့စားအလုပ်သမား၊ စိုက်ပျိုးရေး အလုပ်သမား၊ အိမ်အကူအလုပ်သမား၊ နိုင်ငံဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်း တစ်ခုခုတွင် အလုပ်ရှင်ထံမှ အခကြေးငွေဖြင့်ဖြစ်စေ၊ အခြားနည်းလည်းဖြင့်ဖြစ်စေ လုပ်အားခရယူ၍ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်၌ တပ်မတော် သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့အစည်းတို့ မပါဝင်။" ဟု ဖော်ပြထားပါသည်။

ယင်းစာပိုဒ်တွင် **"စနစ်တကျ ဖွဲ့စည်းထားခြင်းမရှိသော စီးပွားရေးလုပ်ငန်း (Informal Sector)"** သည် အပြည်ပြည်ဆိုင်ရာတွင် အာရုံစိုက်လာသည့် လုပ်ငန်းကဏ္ဍဖြစ်ပါ၍ ထည့်သွင်းပေးရန် လိုအပ် ပါကြောင်း ထပ်မံတင်ပြအပ်ပါသည်။

**အခန်း(၂) ရည်ရွယ်ချက်များ**

ပုဒ်မ (၃) ဤ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

အမှုဆောင်များ ပြန်လည်အတည်ပြုခြင်း လုပ်ငန်းများသည် အချိန်ပေးဆောင်ရွက်ရပါသည်။ ထို့ပြင် ငွေကြေးကုန်ကျမှုလည်းရှိပါသည်။ ထို့ပြင် အလုပ်အမှုဆောင်များမှသမဂ္ဂအတွက် လုပ်ငန်းများ ဖော်ဆောင်ရာတွင် သက်တမ်းတိုပါက လုပ်ငန်းမပေါ်ပါ။

**အကြံပြုတင်ပြချက်**

သို့ဖြစ်ပါ၍ အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်းကို အောက်ပါ အတိုင်းအကြံပြုပါသည်။

အခြေခံ အလုပ်သမားအဖွဲ့အစည်း၏ သက်တမ်းသည် (၂) နှစ်ဖြစ်သည်။

မြို့နယ်အလုပ်သမားအဖွဲ့အစည်း၏ သက်တမ်းသည် (၃) နှစ်ဖြစ်သင့်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်၊ လုပ်ငန်းကဏ္ဍဆိုင်ရာ အဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များ၏ သက်တမ်းသည် (၄) နှစ်ဖြစ်သင့်ပါသည်။

ပုဒ်မ (၂၈) တွင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသည် မိမိတို့အသိအမှတ်ပြုလက်မှတ် သက်တမ်း (၂) နှစ် မပြည့်မီ အနည်းဆုံး ရက်(၃၀)အလိုတွင် မှတ်ပုံတင်ထုတ်ပေးခဲ့သည့်ရုံး၌ မှတ်ပုံတင် သက်တမ်း တိုးရန် လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်။

(က) အသိအမှတ်ပြုလက်မှတ်မူရင်း၊

(ခ) အဖွဲ့ဝင်စာရင်း၊

(ဂ) အလုပ်အမှုဆောင်စာရင်း၊

(ဃ) စာရင်းစစ်ဆေးပိုင်ခွင့်ရှိသော လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်း လုပ်ကိုင်သူတို့ အနီးဆုံးဘဏ္ဍာရေးနှစ်အတွက် စစ်ဆေးပြီးသည့် နှစ်ချုပ်ငွေစာရင်း အထောက်အထား။" ဟူ၍ ဖော်ပြထားပါသည်။

ပုဒ်မခွဲ (ဃ)တွင်ဖော်ပြထားသည့်အချက်မှာအခြေခံအလုပ်သမားအဖွဲ့အစည်းများအတွက် လက်တွေ့ မကျပါ။

အများစုသော တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးကဏ္ဍမှအဖွဲ့အစည်းများသည် လက်မှတ် ရပြည်သူ့စာရင်းကိုင် ရှိသော ဒေသများနှင့် ဝေးလံသော ဒေသများမှ ဖြစ်ကြပါသည်။

အခြေခံအလုပ်သမားအဖွဲ့အစည်းများသည် လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူတို့ ထံသို့ အပ်နှံ၍ စာရင်းစစ်ခိုင်းနိုင်ရန် ငွေကြေး အင်အားမရှိပါ။

အခြေခံအဖွဲ့အစည်းများအား မနိုင်သည့်ဝန် (ငွေကြေးအားဖြင့်သော်လည်းကောင်း၊ အခြေခံ အလုပ်သမားအဖွဲ့အစည်းမှ အဖွဲ့ဝင်များသည် စားဝတ်နေရေးအတွက် နေ့စဉ် လုပ်ငန်းဆောင် ရွက်နေရသူများဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်မှု အချိန်ကာလအရသော်လည်းကောင်း) ကို ထမ်းခိုင်းသကဲ့သို့ ဖြစ်စေပါသည်။

အခြေခံအလုပ်သမားအဖွဲ့အစည်းများ ပေါ်ပေါက်ခြင်းအတွက် အဟန့်အတားဖြစ်စေသည်ဟု မြင်ပါသည်။

(ခ) အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေး ကောင်းမွန်စေရန်။

(ဂ) အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်။

**ဖြည့်စွက်လိုသည်မှာ**

(က) အလုပ်သမားများ/အလုပ်ရှင်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(ခ) အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေး တိုးတက် ကောင်းမွန်စေရန်။

(ဂ) အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်။

(ဃ) အလုပ်သမားများ၊ အလုပ်ရှင်များ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်။

**အခန်း(၆) အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းခြင်း**

ပုဒ်မ(၈)ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည်မှာ "မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံ အလုပ်သမားအဖွဲ့အစည်း (၁၀) ဖွဲ့ အောက်မနည်းသော အဖွဲ့အစည်းများဖြင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။" ဟုဆိုထားပါသည်။

လက်တွေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးထားသည့် စာရင်းများအရ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍမှ အလုပ်သမားအဖွဲ့အစည်းများသာလျှင် ဤသတ်မှတ်ချက်ကို ပြည့်မီနိုင်မည်ဖြစ်ပါသည်။

အခြားသောကဏ္ဍများ အနက် စက်မှုကုန်ထုတ်ကဏ္ဍတွင် လှိုင်သာယာမြို့နယ်အတွင်းရှိ ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍတစ်ခုတည်းသည်သာလျှင် ပြည့်မီနိုင်မည်ဖြစ်ပါသည်။ ကျန်ရှိနေသည့်လုပ်ငန်းကဏ္ဍများသည် ဤသတ်မှတ်ချက်ကို ပြည့်မီနိုင်မည်မဟုတ်ပါ။

**အကြံပြု တင်ပြချက်**

ထို့ကြောင့် ယင်းစာပိုဒ်တွင် "မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံ အလုပ်သမားအဖွဲ့အစည်း(၃) ဖွဲ့အောက်မနည်းသော အဖွဲ့အစည်းများဖြင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။" ဟူသော စာပိုဒ်ဖြင့် ပြင်ဆင်ပေးပါရန် အကြံပြုတင်ပြ အပ်ပါ သည်။

**အခန်း(၈) ဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲခြင်း၊ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပယ်ဖျက်ခြင်း**

ပုဒ်မ(၁၉) တွင် " အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်၏ သက်တမ်းသည် (၂) နှစ်ဖြစ်သည်။" ဟူ၍ ဖော်ပြထားပါသည်။

အခြေခံအဖွဲ့အစည်းများ၊ မြို့နယ်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အဖွဲ့ချုပ်အဆင့်အဖွဲ့အစည်းများသည် အလုပ်အမှုဆောင် အသစ်ပြန်လည်ရွေးချယ်ခြင်း၊

**အကြံပြု တင်ပြချက်**

ထို့ကြောင့် အခန်း (၉) ပုဒ်မ (၂၃ - င) တွင် "သက်ဆိုင်ရာအဖွဲ့အစည်း၏ အလုပ်အမှုဆောင် အဖွဲ့သည် လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများ ပြုစုထားရှိရမည့်အပြင် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် အခါတိုင်း နှစ်ချုပ်အင်အားစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းကို အခြေခံနှင့် မြို့နယ်အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စု နယ်မြေအဖွဲ့အစည်း ဖြစ်ပါက သက်ဆိုင်ရာ တာဝန်ခံအရာရှိထံသို့လည်းကောင်း၊ အဖွဲ့ချုပ်နှင့် မြန်မာ နိုင်ငံလုံးဆိုင်ရာ အဖွဲ့ဖြစ်ပါက မှတ်ပုံတင်အရာရှိချုပ် ထံသို့လည်းကောင်း နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း (၆၀) ရက်အတွင်း မပျက်မကွက်ပေးပို့ရန်" ဟု ဖော်ပြထားသည့် အတိုင်း ထားရှိသည်မှာ အသင့်တော်ဆုံးဖြစ်သည်ဟု အကြံပြုအပ်ပါသည်။

**အခန်း(၉)**

ပုဒ်မ(၂၂)(က)(၁)တွင် " အလုပ်သမားအဖွဲ့အစည်းဝင်၏ အသက်မှာ (၂၁)နှစ်ပြည့်ပြီးသူဖြစ်ရမည် " ဆိုသည့် စာသားအား

**အကြံပြု တင်ပြချက်**

အခန်း(၆) ပုဒ်မ(၇)တွင် (၁၈)နှစ်ပြည့်ပြီးဖြစ်သည့် အလုပ်သမားတိုင်းသည် ဖော်ပြထားသည့် ပါဝင်ခွင့် နှင့် နုတ်ထွက်ခွင့်ရှိသည်ဟု တင်ပြထားခဲ့သည့်အတိုင်း (၁၈)နှစ် တွင်ပါဝင်ခွင့်ရပြီး အဖွဲ့ဝင်သက် တမ်း (၁) နှစ်ရှိပါက (၁၉) နှစ်တွင် အမှုဆောင် ရွေးချယ်ခံခွင့် ရရှိသင့်ကြောင်း အကြံပြုပါသည်။

မိတ္တူ

(၁) ဦးမိုးအောင် (အမြဲတမ်းအတွင်းဝန်- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန)

(၂)ရုံးလက်ခံ။